ငုတ်တိုကျေးရွာ

သထုံမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၃ - ၂၀၂၇)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ငုတ်တိုကျေးရွာ၊ သထုံမြို့နယ်

(သထုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၂ခုနှစ်၊ ဇူလိုင်လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ငုတ္တိုကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ သထုံမြို့နယ်	၅
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၆
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၇
	(က) သီးနှံ စိုက်ပျိုးရေး	၇
	(ခ) မွေးမြူရေးလုပ်ငန်း	၇
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၈
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၈
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၈
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၈
	(ခ) ကျေးရွာ မီးလင်းရေး	၉
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၉
၆။	**ပညာရေး**	၁၀
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၀
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၁
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၁
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၂
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၄
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၅
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၁၃
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၁၉
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၆၁
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၆၃

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၂/၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆/၂၇ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေး သည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေး ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမကကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလို အပ်သောကိန်းဂဏန်း၊အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်

လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင် ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်းကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြ ထားပါသည်။

ဇူလိုင်လ၊ ၂၀၂၂

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ဥတ္တိုကျေးရွာ

သထုံမြို့နယ်

ငုတ္တိုကျေးရွာ သံယဇာတမြေပုံ၊သထုံမြို့နယ်



ဥတ္တိကျေးရွာ ရာသီခွင်ပြပကွဒိန်၊ သထုံမြို့နယ်



ငုတ်တုံးကျေးရွာ Venn Diragram(ကျေးရွာတွင်း/ရွာပြင်ဆက်သွယ်ဆောင်ရွက်နေသောအဖွဲ့အစည်းများ) ၊ သထုံမြို့နယ်



ငုတ္တိုကျေးရွာ ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း ၊ သထုံမြို့နယ်



ငုတ္တိုကျေးရွာ ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း

အကြောင်းအရာ	သတ်မှတ်ချုပ်နှုန်း			
	အဆင်ပြေသောအိမ်ထောင်စု	အလယ်အလတ်ဦသောအိမ်ထောင်စု	မပြေလည်သောအိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	(၁၃ မှ ၃၀) ဧက	(၅ မှ ၁၂) ဧက	–	၁
အိမ်အခြေအနေ	အုတ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း/ကာ	သွပ်မိုး၊ ပျဉ်ခင်း/ကာ	ဖက်မိုး၊ ဖက်ကာ/ဝါးခင်	ဖက်မိုး၊ ဖက်ကာ၊
ကျန်ထုတ်လုပ်မှုဖိုင်ဆိုင်သောပိုင်ဆိုင်မှု	တွန်စက်/ထော်လာဂျီ/ကား	လက်တွန်း၊ ထော်လာဂျီ	–	–
အခြိကစီးပွားရေးပုပ်ငန်း	လယ်၊ ရာဘာခြံ	လယ်	ကျပန်း	ကျပန်း
အိမ်ထောင်စု	၁၆	၂၇	–	၁

ငုတ္တိုကျေးရွာ လုပ်ငန်းစာရင်း ၊ သထုံမြို့နယ်



ငုတ္တိုကျေးရွာ (၅)နှစ်တာ အကောင်အထည်ဖော်မည့် လုပ်ငန်းစာရင်း

စဉ်	လုပ်ငန်းအမည်	၂၀၂၂ - ၂၀၂၃	၂၀၂၃ - ၂၀၂၄	၂၀၂၄ - ၂၀၂၅	၂၀၂၅ - ၂၀၂၆	၂၀၂၆ - ၂၀၂၇
၁ ။	နန်တောင်းငုတ္တိုရွာချုပ်းဆက်လမ်းကွန်ကရစ်ခင်းခြင်း	✓	–	–	–	–
၂ ။	စက်ရေတွင်း + ရေစင် (ရွာမြောက်ပိုင်း)	–	✓	–	–	–
၃ ။	ငုတ္တိုအောက်ပိုင်းရေစင်ဆောက်လုပ်ခြင်း	–	–	✓	–	–
၄ ။	ရွာအောက်လမ်းရေမြောင်းတူးဖော်ခြင်း (အယ်/ဥက)	–	–	–	✓	–
၅ ။	ကျေးရွာခန်းမတည်ဆောက်ခြင်း	–	–	–	–	✓

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ငုတ္တိုကျေးရွာသည် မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၏ တံတားဦးကျေးရွာအုပ်စု တွင် တည်ရှိပါသည်။ကျေးရွာ၏ အရှေ့ဘက်တွင် ထီတမူကျေးရွာရှိပြီး မြောင်ဘက်တွင် ဒဂိုးဆိပ်ကျေးရွာနှင့် တောင်ဘက်တွင် နန်းတောင်းကျေးရွာနှင့် အနောက်ဘက်တွင်လယ်ကွင်းရှိပါသည်။ ကျေးရွာတွင်ဗမာ၊ ကရင်၊ ဗအိုဝ်၊မွန်၊အစ္စလမ် များနေထိုင်ကြပြီ ဗုဒ္ဓဘာသာနှင့်အစ္စလမ်ဘာသာ များကိုးကွယ်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ငုတ္တိုကျေးရွာ၏ ရာသီဥတုမှာ သမပိုင်းရာသီဥ တုဖြစ်ပြီး အပူအအေးမျှတမှုရှိပါသည်။ စိုက်ပျိုးနိုင်သော လယ်မြေကမှာ(၆၆၀.၅)ဧကနှင့် ဥယျာဉ်ခြံမြေ(၂၀၉)ဧကေ၊ စုစုပေါင်း(၈၆၉.၅) ဧကရှိပါသည်။ မြေဆီလွှာအရည် အသွေးမှာအသင့်အတင့်သာကောင်းမွန်ပြီး အိမ်ခြံမြေများတွင်လည်း ရာသီအလိုက်ဟင်းသီးဟင်းရွက်ပင်များကိုအနည်းအကျဉ်းစိုက်ပျိုးကြပါသည်၊ ကျေးရွာပတ်ဝန်းကျင်တွင် ဆေးဖက်ဝင်အပင်များ အနည်းအကျဉ်းတွေ့ရပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် ကျား(၅)ဦးမ(၁)ဦး ဦးဖြင့်ဖွဲ့စည်းထားပြီး ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေး၊ သာရေး/နာရေး စသည့် လူမှုရေးလုပ်ငန်းများတွင် စည်းလုံးညီညွတ်စွာဖြင့် တက်ညီလက်ညီလုပ်ဆောင်နေကြပါသည်။ ကာလသားသမီးအဖွဲ့တွင် (ကျား ၁၀ဦး၊ မ - ၁၀ဦး)ဖြင့်ဖွဲ့စည်းထားပြီး ကျေးရွာ၏ သာရေး/နာရေး ၊ လူမှုရေး လုပ်ငန်းများတွင် လုပ်ဆောင်ကြပါသည်။ကျောင်းအကျိုးတော်ဆောင်အဖွဲ့တွင် (ကျား-၅ဦး) မ(၅)ဦး၊ ရပ်မိရပ်ဖအဖွဲ့တွင်ကျား(၅)ဦး၊သာရေးနာရေးအဖွဲ့တွင်ကျား(၇)ဦး၊ မီးသတ်တပ်ဖွဲ့ဝင်(၅)ဦး၊ ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေး၊ သာရေး/နာရေး စသည့် လူမှုရေးလုပ်ငန်းများတွင်အားတက်သရော စုပေါင်းလုပ်ဆောင်ကြပါသည်။ ကျေးရွာတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ တိုင်ပင်စုပေါင်းလုပ်ဆောင်ကြပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ငုတ္တိုကျေးရွာတွင်၂.၅ဧကအောက်ဆင်းရဲတောင်သူမရှိပါ။၂.၅ဧကမှ၅ဧက ကြားတောင် သူငယ်(၆)အိမ်ထောင်စု ၅ဧကမှ၁၂.၅ဧကကြား တောင်သူလတ်(၂၇)အိမ်ထောင်စု၊၁၂.၅ဧကအထက် တောင်သူကြီး(၁၆)အိမ်ထောင်စု စသည်တို့ရှိကြပြီးအဓိကအားဖြင့် လယ်ယာစိုက်ပျိုးရေး၊ ရာဘာ ခြံများကို အားထားစိုက်ပျိုးကြပါသည်။ မြေယာမဲ့(၁)အိမ်ထောင်စုသာရှိပါသည်။

ကျေးရွာ၏စိုက်ပျိုးရေးတွင် မိုးရေကိုသာ အဓိကထားပြီး လုပ်ကိုင်ကြပါသည်။ တခါတရံ ရေကြီးရေလျှံမှုဖြစ်ပေါ်လေ့ရှိပါသည်။တခါတရံမိုးရေမလုံလောက်၍ချောင်းမှတစ်ဆင့် ရေစုပ်စက်ဖြင့်စုပ်ယူပြီး ဖြည့်လေ့ရှိသည်။ တချို့လယ်သမားများမှာ ချောင်းနဲ့ဝေး၍ အခက်အခဲများရှိပါသည်။ ရေကြီးရေလျှံမှုဖြစ်သောအခါ စိုက်ပျိုးပင်များပျက်စီး၍ အသစ်ပြန်စိုက်ရပြီး အခက်အခဲများစွာကြုံရပါသည်။ကျေးရွာအတွင်းရှိလယ်သမားများတွင်တစ်ဦးပိုင်ထွန်စက်(၁)စီး၊ လက်တွန်းထွန်စက်(၁)စီး၊ရေစုပ်စက်(၁)လုံး၊မြက်ရိတ်စက်(၁)စီးရှိပါသည်။စက်ကိရိယာမပိုင်ဆိုင်သော သူများမှာငှားရမ်း လုပ်ကိုင်ကြပြီး မလုံလောက်သောကြောင့် အချိန်မီပြီးစီးမှုတွင် အခက်အခဲများစွာရှိနေပါသည်။

ကိုဗစ်ကာလဖြင့်သောကြောင့် နေ့စားလူငှားများရှားပါး၍စိုက် ပျိုးခင်းမဟုတ်ပဲမျိုးစေ့ကြဲခင်းအဖြစ် ပြောင်းစိုက်ကြသော တောင်သူများလည်းရှိပါသည်။သီးနှံအထွက်တိုးစေရန်သဘာဝမြေဆွေး၊နွားချေး၊ဓာတုမြေဩဇာ၊အခြားဓာတုဗေဒသွင်းအားစုများ၊သီးနှံမျိုးစေ့များနှင့်ဓာတုပိုးသတ်ဆေးများကိုလည်းမြို့နှင့်အလှမ်းမဝေးသဖြင့် လွယ်ကူစွာဝယ်ယူရရှိနိုင်ပါသည်။စိုက်ပျိုးရေးလုပ်ငန်း၊ထွက်ကုန်များကိုလည်း ကုန်သည်ပွဲစားများနှင့် ဈေးတွင်ဈေးနှုန်းမှန်ကန်စွာဖြင့် အလွယ်တကူရောင်းချနိုင်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ငုတ္တိုကျေးရွာတွင်နွား၊ကျွဲ၊ဆိတ်၊ဝက်၊ကြက်၊ဘဲ၊မွေးမြူထားသည့်အိမ်ထောင်စု အနည်းငယ်သာရှိပြီးနွားကောင်ရေ(၁၄၀)၊ကျွဲ(၁၀)၊ဆိတ်(၇၇)၊ဝက်(၃၈)၊ဘဲ(၃)ကောင်နှင့်ကြက်(၁၈၈) ကောင်စသည်ဖြင့်တစ်ပိုင်တနိုင်မွေးမြူရေးကို လုပ်ကိုင်ကြပါသည်။စီးပွားဖြစ်မွေးမြူရေး လုပ်ငန်းများလုပ်ကိုင်သူမရှိဘဲတစ်ပိုင်တစ်နိုင်ဖြင့်သာနွားများ၊ဝက်များနှင့်ကြက်များ၊ဘဲများ အနည်းငယ်မွေးမြူကြပါသည်။ ရေနှင့်ပက်သတ်သော အခက်အခဲများမရှိပါ။ ကျိုက်ကော်ဈေးနှင့်နီးသောကြောင့် မျိုးတိရစ္ဆာန်ရရှိမှု၊အစာနှင့်ဆေးများကို အလွယ်တကူ ရရှိနိုင်သည့်အပြင် အိမ်ခြံဝန်းအတွင်းမြေလုံလောက်မှုအသင့်အတင့်ရှိသဖြင့်တစ်ပိုင်တစ်နိုင်မွေးမြူနိုင်ခြင်းဖြစ်သည်။ မွေးမြူရေးနှင့်ပတ်သက်သည့် ကာကွယ်ဆေးထိုးသည့်ဝန်ဆောင်မှု မရှိသဖြင့်ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိပါသည်။စီးပွားဖြင့်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံအသိပညာများလိုအပ်နေပါသည်။

(ဂ)စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ငုတ္တိုကျေးရွာတွင် တစ်ပိုင်တစ်နိုင်စျေးဆိုင်များ၊ အပ်ချုပ်ဆိုင်နှင့် သုံးဘီးမောင်းသူများ လုပ်ကိုင်နေကြပါသည်။စီးပွားရေးအတွက်ချေးငွေများကိုရနိုင်သောလည်းလုံလောက်သည့် ပမာဏာများမရရှိပါ။ ငုတ္တိုကျေးရွာတွင် စီးပွားရေးတိုးတက်မှုဆိုင်ရာများ၊ကျွမ်းကျင်တတ်မြောင်မှုများမရှိခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသဖြင့် အခြားဒေသများနှင့် နိုင်ငံခြားတို့တွင် လုပ်ကိုင်သူဦးရေများပြားပြီး(နေ့စား)လုပ်သားအင်အားရှားပါးပါသည်။လယ်ယာထွက်များနှင့်ရာဘာထွက်ကုန်များကို ရောင်းချရန်အတွက်စျေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါးသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ငုတ္တိုကျေးရွာတွင် စိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပုံစံ(၇)ဖြင့်တစ်ဧကလျှင်(၁.၅)သိန်းနှုန်းဖြင့်(၁၀)ဧကအထိ အလွယ်တကူချေးယူ၍ ရရှိနိုင်သောလည်း ကိုယ်ပိုင်ရင်းနှီးငွေနည်းပါးကြပါသည်။ကျေးရွာအတွင်းရှိ ငွေချေးသူများထံမှ တစ်လအတိုးနှုန်း (၅%)ထိ ချေးယူနေကြရပါသည်။ထို့ကြောင့် အတိုးနှုန်းသက်သာသောကာလရှည်ချေးငွေများ ရရှိရန်လိုလားကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ငုတ္တိုကျေးရွာတွင် ကားအငှားလိုက်ခြင်း၊ ဆိုင်ကယ်ကယ်ရီမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင် နေသည့် အိမ်ထောင်စု အနည်းငယ်ရှိ ပါသည်။ ကျေးရွာတွင် ကား (၇) စီး၊ မော်တော်ဆိုင်ကယ် (၁၂၂) စီး၊ သုံးဘီးဆိုင်ကယ် (၁၃၄) စီး၊ ထော်လာကျီ (၂၄) စီး၊ စသည့်သယ်ယူပို့ဆောင်ရေးသယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။ ဆိုင်ကယ်၊ထော်လာကျီပိုင်ဆိုင်သောအိမ်ထောင်စုမှာနွေရာသီနှင့် ဆောင်းတွင်းတွင်လယ်၊ရာဘာခြံသို့သွားလာခြင်းများအတွက် အသုံးပြုကြပါသည်။

ကျေးရွာအတွင်းရှိ ရွာတွင်းလမ်းများမှာ မြေသားလမ်းနှင့် ကွန်ကရစ်လမ်းများဖြစ်သည်။ မြေသားလမ်းများမှာ မိုးတွင်းကာလများတွင် လမ်းများပေါ်သို့ရေကျော်ပြီး ဗွက်များ၊ချို့င့်များဖြစ်ကာ ကျောင်းသား/သူများ ကျောင်းတက်ရာတွင် စက်ဘီးစီးနင်းရန် မလွယ်ကူသဖြင့် အဆင်မပြေမှုများဖြစ်ပြီးနှန်းတောင်းနှင့် ငုတ်တို့ချိတ်ဆက်လမ်းကို မြေသားလမ်းမှ ကွန်ကရစ်လမ်းအဖြစ် ပြုပြင်တည်ဆောက်ရန် လိုအပ်နေပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မဟာဓါတ်အားလိုင်းချိတ်ဆက်၍ လျှပ်စစ်မီးအသုံးပြုနေကြသည့် အိမ်ထောင်စု(၉၇)စု ရှိပြီး ဆိုလာစနစ်သုံးစွဲသူအိမ်ထောင်စု (၁၀၉)စု အခြားနည်းစနစ်များဖြင့် မီးသုံးစွဲနေသော အိမ်ထောင်စုများလည်း ရှိကြပြီး လျှပ်စစ်မီးလုံးဝ အသုံးမပြုနိုင်သော အိမ်ထောင်စု များလည်း ကျန်ရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ငုတ်တို့ကျေးရွာတွင်ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း(၂၄၁)လုံး၊ ရေဒီယို(၁၄)လုံး၊ တီဗွီ(၆၉)လုံး၊စလောင်း(၆၈)ခုရှိသဖြင့် ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည်မရှိပါ။

၆။ ပညာရေး

ငုတ်တို့ကျေးရွာ (အ.မ.က) မူလွန်ကျောင်းတွင် ပညာရေးကို သင်ကြားနိုင်ပြီး နန်းတောင်း၊ ငါးကြီးအင်း၊အ.ထ.ကသိမ်ဆိပ်ကျောင်းနှင့် နီးသောကြောင့် အထက်တန်းကိုပါ ဆက်လက်သင်ယူကြပါသည်။တက္ကသိုလ်တက်နေသည် ကျောင်းသား/သူများလည်း နည်းငယ်ရှိပါသည်။ ကျေးရွာ၏ (အ.မ.က) မူလွန်ကျောင်းတွင် ကျောင်းဆောင်သုံးဆောင်ရှိပါသည်။ကျောင်းဆောင်အသစ်မှာ အကာနှင့်အခင်းများ လိုအပ်နေပါသည်။ ကျောင်းသုံးအိမ်သာများနှင့် ဆရာ/မများလုံလောက်သော်လည်း ကျောင်းသုံးပရိဘောဂများ လုံလောက်မှုမရှိပါ။ စာမတတ်သူဦးရေ အများစုသက်ကြီးရွယ်အိုများဖြစ်ကြပါသည်။မူလတန်းအဆင့်စာတတ်မြောက်သူဦးရေမှာ(၁၀၆)ဦး၊ အလယ်တန်းအဆင့် (၅၄)ဦး၊ အထက်တန်းအဆင့် (၁၈)ဦး၊ တက္ကသိုလ်/ ကောလိပ် (၅)ဦးတို့ရှိပါသည်။ ယခုအချိန် တွင်မိဘများသည် ပညာရေးကို စိတ်ပါဝင်စားမှု တိုးတက်လာပြီး ကျောင်းသူ/သားများကို ဦးစားပေး၍ ကျေးရွာ၏ အနာဂတ်ကာလအတွက် တိုးတက်မှုများရှိလာနိုင်ပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ငုတ်တို့ကျေးရွာတွင် ကျန်းမာရေးတာဝန်ကျသော တံတားဦးတိုက်နယ်သားဖွားဆရာမမှ ကျေးရွာသို့ ကွင်းဆင်း၍ အပတ်စဉ်၊ လစဉ်ကာကွယ်ဆေးအမျိုးမျိုးကို ပုံမှန်ဆေးတိုက်၊ ဆေးထိုးခြင်း များ

ဆောင်ရွက်ပေး လျှက်ရှိပါသည်။ အရေးပေါ် လူနာများကို သထုံမြို့ရှိ သထုံခရိုင်ပြည်သူ့ဆေးရုံ သို့ပို့ဆောင်ကုသရပါသည်။ ငုတ္တိုကျေးရွာ၌မိုးရာသီတွင် ဝမ်းပျက် ၊ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါများအနည်းငယ်ဖြစ်ပွား တတ်ပါသည်။ ကျေးရွာတွင် သောက်သုံးရေများကို လက်တူးတွင်းများဖြင့် အဓိကထားသုံးအသုံးပြုကြသောလည်း နွေရာသီတွင် ရေတွင်းများမှာ ရေခမ်းသဖြင့် စက်ရေတွင်းနှင့်ရေစင်ရေလှောင်ကန်တစ်ကန်လိုအပ်နေပါသည်။

ကျေးရွာအတွင်းတွင် ရေလောင်း / ယင်လုံအိမ်သာ ကိုသာ အများဆုံးသုံးပြုကြပါသည်။ ဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်းများတွင်လည်း ရေလောင်း/ ယင်လုံအိမ်သာကိုသာ အသုံးပြုကြပါသည်။ ယင်လုံအိမ်သာ အသုံးမပြုနိုင်သည့် အိမ်ထောင်စုအနည်းငယ်သာရှိပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ငုတ္တိုကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုအနည်းငယ်နှင့်ဆင်းရဲသည့် အိမ်ထောင်စုများလက်လုပ်လက်စား ကျပန်းလုပ်ကိုင်သည့် အိမ်ထောင်စုများ အများအပြားရှိသဖြင့် ၎င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့်စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ထိခိုက်ခံစားလွယ်နိုင်ပါသည်။မိမိနေရပ်တွင်အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ရန်အတွက် အခွင့်အလမ်းနည်းပါးခြင်း အသက်မွေးမှုနည်းပညာ အားနည်းခြင်းတို့ကြောင့်ရွှေ့ပြောင်းသွားလာလုပ်ကိုင်နေသည့် အိမ်ထောင်စုများလည်းရှိပါသည် ၊မိုးရာသီနှင့် ဆောင်းရာသီ တွင် သွေးလွန်တုပ်ကွေးရောဂါနှင့် နှာစေးချောင်းဆိုးဖြစ်ပွားသူ အနည်းငယ်ရှိပါသည်။ ကျေးရွာတွင်နေထိုင်သူများသည် မိသားစုစိတ်ဓါတ်အပြည့်ရှိပြီး စည်းစည်းလုံးလုံး နေထိုင်ကြသောကြောင့် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အိမ်ထောင်စုများ မရှိပါ။ ကျွဲ၊ နွား၊ဆိတ်တို့မှ တစ်ခါတစ်ရံလျှာနာခွာနာရောဂါဖြစ်တတ်ပါသည်။

အသက်မွေးလုပ်ငန်းအနေဖြင့် စိုက်ပျိုးရေးကို တစ်နိုင်တစ်ပိုင်အဓိက ထားလုပ်ကိုင် သောကြောင့် စားနပ်ရိက္ခာ မပိုလျှံသော်လည်းဖူလုံမှု ရှိပါသည်။ စိုက်ပျိုးရေရှားပါးခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း စသည့်သဘာဝဘေးအန္တရာယ် များမရှိသော်လည်း နွေရာသီတွင် အပူလွန်ကဲမှုကြောင့် သောက်သုံးရေးရှားပါးခြင်းကို တစ်ခါတစ်ရံ ကြုံတွေ့ရပါသည်။ ၊ ရွာသူ/ သားများသည် စည်းစည်းလုံးလုံးနှင့် အေးချမ်းစွာနေထိုင်ကြသဖြင့် အမှုအခင်းနှင့် ပြည်တွင်းပဋိပက္ခများမရှိခဲ့ပါ။

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ငုတ်တုံကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသားပါဝင်ဦးဆောင်မှုပိုများပြီး အမျိုးသမီးများပါဝင်မှုနည်းပါသည်။အမျိုးသမီးများပါဝင်မှုနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှုလုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြပါသည်။ကျေးရွာတွင် အမျိုးသမီးများအား အကြမ်းဖက်မှုမရှိသလောက် နည်းပါးပါသည်။ အကြမ်းဖက်မှု များတွင် ကာကွယ်ရမည့်တရား ဥ ပဒေ ဆိုင်ရာအသိပညာများ အားနည်းကြပါသည်။ အသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်ပေးရန်လိုအပ်နေပါသည်။ အမျိုးသမီးများနှင့်အမျိုးသားများသည် စည်း စည်းလုံးလုံးရှိပြီး ကျေးရွာအတွက် အမျိုးသမီးများသည် များစွာ အထောက်အကူပြုလျက် ရှိပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – တံတားဦးကျေးရွာအုပ်စု			ကျေးရွာအမည် – ငုတ္တိုကျေးရွာ	
စဉ်	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	နန်းတောင်း-ငုတ္တို(ရွာချင်းဆက်)လမ်းအား ကွန်ကရစ်လမ်းသို့အဆင့်မြှင့်တင်ခြင်း။	ဦးစားပေး၁
၂	အခြေခံအဆောက်အဦ	သောက်သုံးရေ	ငုတ္တို(ရွာမြောက်ပိုင်း)စက်ရေတွင်းရေစင်တည် ဆောက်ခြင်း။	ဦးစားပေး၂
၃	အခြေခံအဆောက်အဦ	သောက်သုံးရေ	ငုတ္တို(အောက်ပိုင်း)စင်မြင့်ရေစင်တည်ဆောက်ခြင်း။	ဦးစားပေး၃
၄	ကျန်းမာရေး	ရေမြောင်းတူးဖော်ခြင်း	ငုတ္တို(ရွာအောက်လမ်း)ရေမြောင်းတူးဖော်ခြင်း ဘယ်/ညာ	ဦးစားပေး၄
၅	အခြေခံအဆောက်အဦ	ခန်းမတည်ဆောက်ခြင်း	ကျေးရွာခန်းမတည်ဆောက်ခြင်း။	ဦးစားပေး၅

၎တို့ကျေးရွာ၊ တံတားဦးကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးလှသောင်း	ဦးထွန်းရှိန်	၁၀/သထန (နိုင်) ၀၂၀၈၂၀	၆၈	ဥက္ကဋ္ဌ	-
၂	ဦးအောင်နိုင်	ဦးရွှေမြိုင်	၁၀/သထန (နိုင်) ၁၁၆၇၃၉	၄၂	အတွင်းရေးမှူး	၀၉၉၇၈၀၅၃၃၁
၃	ဦးသာဒိုး	ဦးကမ္မိ	-	၅၄	ဘဏ္ဍာရေးမှူး	၀၉၂၆၃၂၂၈၈၄၃၇
၄	ဒေါ်မူမူအေး	ဦးသိန်းဇော်	၁၀/သထန (နိုင်) ၁၇၂၁၁၉	၃၇	စာရင်းကိုင်	၀၉၇၇၁၁၆၂၇၀၆၈
၅	ဒေါ်လှမူ	ဦးမောင်ဝင်း	၁၀/သထန (နိုင်) ၁၁၁၀၄၉	၅၉	သော့ကိုင်-၁	၀၉၂၅၅၇၁၀၉၆၈
၆	ဦးစောဌေး	ဦးစိန်ဟန်	၁၀/ပမန (နိုင်)၁၃၈၀၈၃	၄၂	သော့ကိုင်-၂	၀၉၇၇၃၃၆၀၀၅၁
၇	ဦးဝင်းလွင်ဦး	ဦးသာဒိုး	၁၀/သထန (နိုင်) ၂၆၄၂၀၂	၂၁	အဖွဲ့ဝင်	၀၉၉၆၀၅၂၂၈၆၆
၈	ဦးသိန်းဇော်	ဦးအောင်ဘ	-	၆၄	အဖွဲ့ဝင်	-
၉	ဦးချစ်ထွန်း	ဦးစိန်အောင်	၁၀/သထန (နိုင်) ၁၆၈၆၇၅	၆၂	အဖွဲ့ဝင်	၀၉၇၇၇၂၆၇၄၀၉
၁။	ဝယ်ယူရေးကော်မတီ					
၂	ဦးစိန်လွင်	-			ဥက္ကဋ္ဌ	
၃	ဦးမောင်မောင်ခိုင်	ဦးမြင့်အောင်	၁၀/သထန (နိုင်)၀၂၉၈၉၃	၅၂	ဘဏ္ဍာရေးမှူး	၀၉၉၆၂၆၇၀၁၄၁
၄	ဒေါ်ဝါဆို	ဦးစောမလ	-	၅၄	စာရင်းကိုင်	-

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၁	၂	၃	-	-
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၀	၈	၁၈	-	၁
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၃၇	၄၁	၇၈	-	-
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၆၂	၅၆	၁၁၈	-	-
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၅၆၁	၅၄၉	၁၁၁၀	၁	၃
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၃၉	၄၁	၈၀	-	-
စုစုပေါင်း		**၇၁၀**	**၆၇၉**	**၁၄၁၂**	**၁**	**၄**
စုစုပေါင်း အိမ်ထောင်စု		**၂၃၃**				

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ ၎တို့ကျေးရွာတွင် အိမ်ထောင်စု (၂၃၃) စု၊အိမ်ခြေ(-)အိမ်၊ လူဦးရေ(၁၄၁၂) ဦး ရှိပါသည်။၎တို့ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက် နို့စို့အရွယ် (၀.၂၁%)၊ ၅နှစ်အောက် ကလေးငယ် (၁.၂၇%)၊မူလတန်းကျောင်းသားအရွယ် (၅.၅၂%)၊ အလယ်တန်းကျောင်းသားအရွယ် (၈.၃၆%)၊ အလုပ်လုပ်နိုင်သည့်အရွယ် (၇၈.၆၁%)၊ သက်ကြီးရွယ်ကြီးအရွယ် (၅.၆%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၂၁.၀၃)% ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ် ကျား (၅၆၁) ဦး၊ မ (၅၄၉) ဦး စုစုပေါင်း (၁၁၁၀) ဦးရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွားလုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							

	ကိုယ်ပိုင် လုပ်ငန်း	၅၈	၇၆	၁	၆၉	၇	၆	မြင့်☐ လတ် ☐ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း	၂၁	၃၂	-	၃၀	၂	-	မြင့်☐ လတ်✓ နိမ့် ☐
စဉ်	**လုပ်ငန်းများ**	**အဓိကအလုပ်အကိုင်**					**အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ)**	**ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)**
		အိမ် ထောင် စု	**မိသားစု ဝင်လုပ် အား**	**အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု**	**ဦးရေ**			
					ကျား	**မ**		
၂	**တိရိစ္ဆာန်မွေးမြူရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	-	၁	-	-	မြင့်☐ လတ်✓ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း							မြင့်☐ လတ်☐ နိမ့် ✓
၃	**ငါးလုပ်ငန်း(ရေချို/ရေငန်ငါး/ပုစွန်စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့်☐ လတ်☐ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း							မြင့်☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့်☐ လတ်☐ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း							မြင့်☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့်☐ လတ်☐ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း							မြင့်☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့်☐ လတ်☐ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း							မြင့်☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင်							မြင့်☐ လတ်☐

	လုပ်ငန်း							နှိမ့် □
	အလုပ်သမား /ဝန်ထမ်း							မြင့်□ လတ်□ နှိမ့် □
၈	**ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	-	-	မြင့်□ လတ်□ နှိမ့် □
	အလုပ်သမား /ဝန်ထမ်း	၃	၄	-	၄	-	၁	မြင့်□ လတ်✓ နှိမ့်
စဉ်	**လုပ်ငန်းများ**	**အဓိကအလုပ်အကိုင်**					**အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ)**	**ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)**
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၉	**ယာဉ်၊စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့်□ လတ်□ နှိမ့် □
	အလုပ်သမား /ဝန်ထမ်း							မြင့်□ လတ်□ နှိမ့် □
၁၀	**ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူစသည်)**							
	ကိုယ်ပိုင် လုပ်ငန်း	၃	၁	-	-	၁	၂	မြင့်□ လတ်✓ နှိမ့် □
	အလုပ်သမား /ဝန်ထမ်း	-	-	-	-	-	-	မြင့်□ လတ်□ နှိမ့် □
၁၁	**လက်လီ၊လက်ကားရောင်းဝယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၅	၇	-	၃	၄	-	မြင့်□ လတ် ✓ နှိမ့်
	အလုပ်သမား /ဝန်ထမ်း							မြင့်□ လတ်□ နှိမ့် □
၁၂	**ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း	၃	၃	-	၃	-	၂	မြင့်□ လတ်✓ နှိမ့် □
	အလုပ်သမား /ဝန်ထမ်း	၁	၁	-	၁	-	-	မြင့်□ လတ်□ နှိမ့် □
၁၃	**ပို့ဆောင်ရေး၊သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့်□ လတ်□ နှိမ့် □

	အလုပ်သမား /ဝန်ထမ်း							မြင့် □ လတ် □ နိမ့် □
၁၄	**ငွေချေးဝန်ဆောင်မှုလုပ်ငန်း(ဘဏ်နှင့် ငွေချေးခြင်းအပါအဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား /ဝန်ထမ်း							မြင့် □ လတ် □ နိမ့် □
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ဌားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား /ဝန်ထမ်း							မြင့် □ လတ် □ နိမ့် □
စဉ်	**လုပ်ငန်းများ**	**အဓိကအလုပ်အကိုင်**					**အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ)**	**ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)**
					ဦးရေ			
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ကျား	မ		
၁၆	**ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ(အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား /ဝန်ထမ်း							မြင့် □ လတ် □ နိမ့် □
၁၇	ပညာရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား /ဝန်ထမ်း	၄	၂	-	--	၂	၂	မြင့် □ လတ် □ နိမ့် ✓
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား /ဝန်ထမ်း	၂	၂	-	၁	၁	-	မြင့် □ လတ် □ နိမ့် ✓
၁၉	လူမှုရေးလုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား							မြင့် □ လတ် □

	/ဝန်ထမ်း							နိမ့် □
၂၀	အိမ်များတွင် အဌားလိုက်လုပ်သူများနှင့် အမျိုးအမည်မဖော်ပြနိုင်သောလုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့်□ လတ်□ နိမ့် □
	အလုပ်သမား /ကျပန်း/ရာ သီအလိုက် အလုပ်သမား	၁၃၂	၂၄၁	-	၁၃၉	၁၀၂	၃၀	မြင့်✓ လတ်□ နိမ့် □
၂၁	ပြင်ပအဖွဲ့စည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့်□ လတ်□ နိမ့် □
	အလုပ်သမား /ဝန်ထမ်း							မြင့်□ လတ်□ နိမ့် □
	စုစုပေါင်း							☒

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။ ။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ "**ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -"**စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု "**မြင့်**" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ၎တွင်ကျေးရွာသည် လယ်ယာစိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်သူများပြားပြီး အလုပ်သမားအဖြစ်လုပ်ကိုင်နေသည့် အိမ်ထောင်စုများလည်းများပြားပါသည်။စီးပွားဖြစ် ကြက်မွေးမြူရေး လုပ်ကိုင်သည့် အိမ်ထောင်စုတစ်စုရှိပြီးတစ်ပိုင်တစ်နိုင် အိမ်စားရုံမျှသာ မွေးမြူသည့် အိမ်ထောင်စုများလည်း ရှိပါသည်။ကား၊သုံးဘီးဆိုင်ကယ်မောင်းရန် ခရီးသည်များပို့ဆောင်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကိုလုပ်ကိုင်သူ အနည်းငယ်ရှိသည်ကိုတွေ့ရှိရပါသည်။၎တွင်ကျေးရွာတွင် ပညာရေးဝန်ထမ်း အနည်းငယ်နှင့်ကျန်းမာရေးလုပ်သား(၂)ဦးရှိပါသည်။စိုက်ပျိုးရေးလုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင် စျေးဆိုင်များ လုပ်ကိုင်ကြပြီးအခြားအသက်မွေးမှုနည်းပညာတတ်မြောက်သည့်အိမ်ထောင်စုနည်းပါး၍ အလုပ်အကိုင်အခွင့် အလမ်းနည်းပါးသောကြောင့် တစ်ခြားဒေသများနှင့် ပြည်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သည့် ဦးရေများသည်ကို လေ့လာတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) **လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၅၀၀၀	-	၈၀၀၀	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ** ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × ၈)

လေ့လာတွေ့ရှိချက်။ ။ ၎င်တို့ကျေးရွာ၏ လုပ်ငန်းများတွင် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုပေါ်မူတည်သကဲ့သို့ ကျား/မ ဝင်ငွေကွာခြားရခြင်းမှာ လုပ်အားစိုက်ထုတ်နိုင်မှုအပေါ်တွင် မှုတည်ပါသည်။ပြည်ပတွင်သွားရောက်လုပ်ကိုင်သူများ၏ လုပ်ငန်းအမျိုးအစားများကို မသိရှိသောကြောင့် လုပ်အားခပမာဏကို မသိရှိရကြောင်းလေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) **ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

မြေအမျိုးအစား	ဧရိယာ (ဧက)	**မြေဆီလွှာ အရည်အသွေး** (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	**၆၆၀.၅**	ကောင်း	သင့်✓	ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၂၀၉	ကောင်း	သင့်✓	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐ သင့်☐ ညံ့ ☐
ခနိတောမြေ	-	ကောင်း ☐ သင့်☐ ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐ သင့်☐ ညံ့ ☐
မြေလွတ် မြေလပ်	-	ကောင်း ☐ သင့်☐ ညံ့ ☐
စုစုပေါင်း		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ငုတ္တိုကျေးရွာတွင် လယ်(၆၆၀.၅)ဧကနှင့် ၎င်ပျာဉ်ခြံ(၂၀၉)ဧကရှိပြီး မြေဆီလွှာအရည်အသွေး အသင့်အတင့်ကောင်းမွန်ကြောင်းလေ့လာတွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာ တစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓	လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ✓
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓	လျော့ ☐တိုး☐ အပြောင်းအလဲမရှိ ✓
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓	လျော့ ☐တိုး☐ အပြောင်းအလဲမရှိ ✓
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ✓	☒	လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ✓
ရေ-မြေပေါ်ရေ(အင်း၊အိုင်၊ကန် ၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ✓ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ✓
ရေ-မြေအောက်ရေ(တွင်းတိမ်၊ တွင်းနက်၊လက်တူးတွင်း)	များ ✓ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓	လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ✓
သစ်တော-အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓	လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ✓
သစ်တော-ဒီရေတောများ	များ ☐ သင့်☐ နည်း ☐	လွယ် ☐ ခက်☐	လျော့ ☐ တိုး☐

	မရှိ ✓	အသုံးမပြုနိုင်ပါ ✓	အပြောင်းအလဲမရှိ ✓

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ငုတ်တိုကျေးရွာတွင်ကျောက်၊သဲနှင့်ကျောက်စရစ်များသည် ကျေးရွာ၏အနီးပတ်ဝန်းကျင်တွင်မရှိသောလည်းဒုံးဝန်းကျေးရွာ၊ဘီးလင်းမြို့နယ်၊ကရင်ပြည်နယ်မြိုင်ကလေး နှင့် မွန်ပြည်နယ်၊ပေါင်မြို့နယ်၊ရင်းငြိမ်ကျေးရွာတို့မှ အလွယ်တကူဝယ်ယူရရှိနိုင်ဝယ်ယူရရှိနိုင်ပါသည်။ သဘာဝဆေးဘက်ဝင်အပင်များ အနည်းငယ်ရှိသည့်ကိုလေ့လာတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၃ကေမှ၃၀ ဧက	၅ဧကမှ၁၂ကေ	-	၁
အိမ်အခြေအနေ	အုတ်ခံ၊သွပ်မိုး ပျဉ်ခင်း၊ပျဉ်ကာ	သွပ်မိုး၊ ပျဉ်ခင်း/ကာ	ဖက်မိုး/ဖက်ကာ ဝါးခင်း	ဖက်မိုး/ဖက်ကာ ဝါးအခင်း
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ကား၊ထွန်စက်၊ ထော်လာကျီ	လက်တွန်း၊ ထော်လာကျီ	-	-
အဓိကစီးပွားရေး လုပ်ငန်း	ရာဘာခြံ၊လယ်	လယ်	ကျပန်း၊	ကြံ့ရာကျပန်း၊
အိမ်ထောင်စု	၁၆	၂၇	-	၁

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ငုတ်တိုကျေးရွာတွင် စုစုပေါင်း အိမ်ထောင်စု(၂၃၃)ရှိပြီး အဆင်ပြေသောအိမ်ထောင်စုမှာ လယ်၊ရာဘာခြံလုပ်ကိုင်ကြပြီး အလယ်အလတ်ရှိသော အိမ်ထောင်စု(၂၇) စုမှာလယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြပြီးမပြေလည်သော အိမ်ထောင်စုနှင့် အလွန်မပြေလည် သောအိမ်ထောင်စုမှာ ရာသီအလိုက်ကြံ့ရာကျပန်းလုပ်ငန်းများဖြင့် အသက်မွေးလုပ်ငန်းလုပ်ကိုင်ကြသည်ကို လေ့လာတွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက်		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
ဝမ်းစာဖူလုံမှု		အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။……

……

……

……

……

……

……

……

……

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၈		

အကြောင်းအရာ	ကျား	မ	ပေါင်း
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၁		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	မရှိ		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ငုတ္တိုကျေးရွာတွင် ကူညီစောင့်ရှောက်မှုအထူး လိုအပ်သည့်ဆင်းရဲသည့် အိမ်ထောင်စုများမရှိသောလည်း ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု(၈) စုနှင့်ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို၊တစ်ခုလပ်အိမ်ထောင်စု(၁)စုရှိပြီး အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စုမရှိသည်ကိုလေ့လာတွေ့ ရှိရ ပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ(မှန်ရာ တစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု						
၂	လျှပ်တပြတ်ရေကြီးခြင်း						
၃	မုန်တိုင်းဒီရေ						
၄	ဆူနာမီ						
၅	တိုင်ဖုန်းမုန်တိုင်း						
၆	လေဆင်နှာမောင်း						
၇	ငလျင်						
၈	အပူလှိုင်း						
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု						
၁၀	အအေးလှိုင်း						
၁၁	မိုးသီးကြွေကျမှု						
၁၂	မိုးခေါင်ခြင်း						
၁၃	တောမီးလောင်ခြင်း						
၁၄	မြစ်ကမ်းပါးပြိုခြင်း						
၁၅	ကမ်းရိုးတမ်းတိုက်စားမှု						
၁၆	မြေပြိုခြင်း						
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ					**လတ်**	**မြင့်**

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ(မှန်ရာ တစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ		
၁၇	စားနပ်ရိက္ခာမဖူလုံမှု						
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊ရေ)						
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း						
၂၀	သစ်တောပြုန်းတီးခြင်း						
၂၁	ဌက်ဖျားရောဂါ	✓					✓
၂၂	တီဘီရောဂါ	✓					✓
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ						
၂၄	ကပ်ရောဂါ			✓		✓	
၂၅	ပြည်တွင်းပဋိပက္ခ						
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု			✓		✓	
၂၇	လူကုန်ကူးခြင်း	✓			✓		
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်						

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ငုတ္တိကျေးရွာတွင် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံစားမှုများသည် တစ်ခါတစ်ရံ၌ မိုးခေါင်ခြင်းများသာ ကြုံတွေ့ရသည်ကို တွေ့ရှိရပါသည်။ မိုးရာသီတွင်တစ်ခါတစ်ရံ ငှက်ဖျားရောဂါနှင့် တီဗွီရောဂါဖြစ်ပွားသူများ အနည်းငယ်ရှိကြပြီးရာသီကူးပြောင်းချိန်တွင်တိရစ္ဆာန်များ ခွာနာ၊လျှာနာကြက်၊ဝက်များရောဂါဖြစ်ပွားမှုများနှင့် Covid-၁၉ ကပ်ရောဂါဖြစ်ပွားမှုများပြီး ကာကွယ်ဆေးထိုးနှံမှုများအနည်းငယ်ကျန်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

(c-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဧယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ(မှန်ရာ တစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✓					✓

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ(မှန်ရာ တစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ		
၂	အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု			✓		✓	
၃	ဆင်းရဲသားတောင်သူ		✓			✓	
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သည့် အိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	✓				✓	
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	✓					✓
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	✓					✓
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	✓					✓
၈	မြေနိမ့်ပိုင်နေထိုင်သူများ	✓					✓
၉	ငါးကန်ပိုင်ရှင်များ	✓					✓
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ			✓		✓	
၁၁	လူနည်းစုလူမျိုးများ	✓					✓
၁၂	ဒေသတွင်းပဋိပက္ခဇရိယာတွင်နေထိုင်သူများ	✓					✓
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	✓					✓
၁၄	ရွှေတွင်းလုပ်သားများ	✓					✓
၁၅	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ		✓				✓
၁၆	နေရပ်ပြန်အခြေချသူများ	✓					✓
၁၇	ရွှေ့ပြောင်းလုပ်သားများ			✓			✓
၁၈	ကားမောင်းပြီးအသက်မွေးသူများ		✓				✓

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ငုတ်တုံကျေးရွာတွင် အမျိုးသမီးဦးဆောင်ပြီး ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စားများ၊ ကျပန်းအိမ်ထောင်စုများ အနည်းငယ်ရှိပြီး ၎င်းအိမ်ထောင်စုများသည် သဘာဝဘေးအန္တရာယ်နှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက် ထိခိုက်ခံစားလွယ်နိုင်ကြောင်းကို လေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေး	၁☐ ၂☐ ၃✓	၅	၁	၆	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ✓	ကောင်း ✓ သင့် ☐ ညံ့ ☐
၂	သာရေး/ နာရေးအဖွဲ့	၁☐ ၂✓ ၃☐	၇	-	၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✓ ညံ့ ☐
၃	ဘုန်းကြီး ကျောင်းဒါ ယကာအဖွဲ့	၁☐၂ ✓ ၃☐	၇	-	၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✓ ညံ့ ☐
၄	ကျောင်းအ ကျိုးတော် ဆောင်အဖွဲ့	၁☐ ၂✓ ၃☐	၅	၂	၇	ပညာရေး ✓ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✓ ညံ့ ☐
၅	မိခင်နှင့်က လေးစောင့် ရှောက်ရေး အဖွဲ့	၁☐ ၂✓ ၃☐	-	၄	၄	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ✓ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ✓	ကောင်း ☐ သင့် ✓ ညံ့ ☐
၆	အရန်မီးသ တ်တပ်ဖွဲ့	၁☐ ၂✓ ၃ ☐	၅	-	၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ✓	ကောင်း ☐ သင့် ✓ ညံ့ ☐
